**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

<u>ကြေညာချက်အမှတ် (၂ / ၂၀၁၉)</u>

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၉ခုနှစ်၊ ဧပြီလ ၅ ရက်)

# မြန်မာနိုင်ငံတွင် အသက်အာမခံလုပ်ငန်းဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရာနှုန်းပြည့်ပိုင်ဆိုင်သော နိုင်ငံခြားအသက်အာမခံကုမ္ပဏီများစာရင်းကို ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အသက်အာမခံလုပ်ငန်း အဆိုပြုလျှောက်လွှာပါ လိုင်စင်စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ ပြီးဆုံး၍ အကဲဖြတ်စံနှုန်းများနှင့်ကိုက်ညီသည့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများကို မြန်မာနိုင်ငံတွင် အသက်အာမခံလုပ်ငန်း ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့်ပိုင်ဆိုင်သော အသက်အာမခံကုမ္ပဏီများအဖြစ်(အက္ခရာစဉ်အလိုက်) အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) AIA Company Limited

(ခ) Chubb Tempest Reinsurance Limited

(ဂ) Dai-ichi Life Insurance Company, Limited

(ဃ) Manufacturers Life Insurance Company

(င) Prudential Hong Kong Limited

၂။ မြန်မာနိုင်ငံတွင် အသက်အာမခံလုပ်ငန်း ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် လိုင်စင်အကြိုလုပ်ငန်းစဉ်များကို မဖြစ်မနေ ဖြည့်ဆည်းဆောင်ရွက်ရမည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့် ပိုင်ဆိုင်သောကုမ္ပဏီ၏ လုပ်ငန်းစတင်ချိန်တွင် အသက်အာမခံလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ကိစ္စရပ်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ လိုင်စင်အကြိုလုပ်ငန်းစဉ်များ ဖြည့်ဆည်းဆောင်ရွက်ပြီးစီးပါက ဝန်ကြီးဌာနသည် အသက်အာမခံလုပ်ငန်း ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့်ပိုင်ဆိုင်သော အသက်အာမခံကုမ္ပဏီများအား လုပ်ငန်းလိုင်စင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။